# မေးလေ့မေးထရှိသောမေးခွန်းများ

**မေး -** myCANAL နှင့် CANAL+ မည်သို့ကွာခြားသလဲ ?

**ဖြေ -** CANAL+ သည် Pay TV Service တစ်ခုဖြစ်ပြီး အိမ်တွင် TV မှတဆင့်ကောင်းမွန်သော ရုပ်သံလိုင်းများကို ကြည့်ရှုနိုင်စေရုံသာမက မိုဘိုင်းဖုန်းမှတဆင့် myCANAL application ကိုအသုံးပြုပြီး CANAL+ မှ ထုတ်လွှင့်ပြသနေသော အစီအစဉ်ကောင်းများကို အချိန်မရွေး နေရာမရွေးကြည့်ရှုနိုင်မှာဖြစ်ပါတယ်။

**မေး -** myCANAL app ဒေါင်းလုဒ်ဆွဲပြီးသည်နှင့် CANAL+ စက်မရှိလဲ အစီအစဉ်များကို ကြည့်လို့ရပါသလား?

**ဖြေ -** ဟုတ်ပါတယ်။ CANAL+ Decoder ဝယ်စရာမလိုဘဲ myCANAL app မှတဆင့်လိုင်းပေါင်း ၃၀ ကျော်အထိ ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။

**မေး -** myCANAL app ကို ဝင်ပြီးရင် Password ကို ဘယ်လိုရယူမလဲ? package ဈေးနှုန်းတွေကရော?

**ဖြေ -** myCANAL Myanmar application ကို App Store (သို့မဟုတ်) Play Store မှာ ဒေါင်းလုဒ်ဆွဲပြီးလျှင် CANAL+ Website ရဲ့ Chatbot (သို့) CANAL+ MYANMAR FG ရဲ့ Facebook Messenger မှတဆင့် myCANAL Voucher ကုဒ်ကို ဝယ်ယူနိုင်ပါတယ်။

ကုဒ်ဝယ်ယူနည်းကြည့်ရှုရန် video link >> https://bit.ly/howtosubscribemyCANAL

ဈေးနှုန်းအနေနဲ့ -

Basic Package (ရုပ်သံလိုင်း ၁၈ လိုင်း) >> 7 ရက်စာ 500 ကျပ်၊ 15 ရက်စာ 700 ကျပ်၊ ရက် 30 စာ 1000 ကျပ်

Premium Package (ရုပ်သံလိုင်း ၃၃ လိုင်း) >> 7 ရက်စာ 700 ကျပ်၊ 15 ရက်စာ 1300 ကျပ်၊ ရက် 30 စာ 2500 ကျပ်ဖြင့် နှစ်သက်ရာ package ကိုဝယ်ယူကြည့်ရှုနိုင်ပါတယ်။

**မေး -** ပက်ကေ့ချ်ဝယ်ပြီးလျှင် စက်ဘယ်နှလုံးဖြင့် ကြည့်ရှုနိုင်သလဲ?

**ဖြေ -** Subscriber တစ်ယောက်အနေနဲ့ စက်ပစ္စည်းတစ်လုံးထဲမှာပဲ အဆက်မပြတ်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ သို့ပေမယ့်လည်း App ရဲ့ Setting ထဲမှာ အခြားဖုန်းကို ပြောင်းလဲ၍လည်းကြည့်ရှုနိုင်ပါတယ်။

**မေး -** ရုပ်ရှင်တွေစီးရီးတွေကြည့်ဖို့ Package ဖိုးပဲပေးရုံပဲလား ။ Internet Data ရော အပိုထပ်ကုန်သလား?

**ဖြေ -**Package ဝယ်လိုက်ပြီဆိုတာနဲ့ myCANAL မှာ ပြသမယ့် တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်များ၊ လွတ်သွားတဲ့အစီအစဉ်တွေပြန်လည်ကြည့်ရှုနိုင်တဲ့ Replay ၊ "အစီအစဉ်ကောင်းများ" ဆိုတဲ့ On Demand မှ အစီအစဉ်များအားလုံးကို ကြည့်ရှုနိုင်ပြီပဲဖြစ်ပါတယ်။ ဒါပေမဲ့ ဒါတွေကိုကြည့်ဖို့တော့ အင်တာနက်ဒေတာအပို ထပ်ကုန်ပါတယ် ဒါမှမဟုတ် Wifi နဲ့ကြည့်နိုင်ပါတယ်။

**မေး -** ရုပ်ရှင်တွေကို ဒေါင်းလုဒ်ဆွဲထားလို့ရလား?

**ဖြေ -** ရပါတယ်။ App ထဲက “On Demand(အစီအစဉ်ကောင်းများ)” ဆိုတဲ့ feature မှ မည်သည့်ဇာတ်ကားကို မဆို ဒေါင်းလုဒ်ဆွဲနိုင်ပါတယ်။ ဒေါင်းလုဒ်ဆွဲပြီးသွားတဲ့ဇာတ်ကားများကိုတော့ “Downloads (ဒေါင်းလုဒ်ဆွဲထားသည့်စာရင်း)” ဆိုတဲ့ feature မှာအင်တာနက်မလိုပဲနဲ့ ပြန်လည်ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

**မေး -** myCANAL App ထဲက “On Demand- အစီအစဉ်ကောင်းများ” ဆိုတာက ဘာလဲ?

**ဖြေ -** ဘယ်အချိန်ဘယ်နေရာမှာမဆို CANAL+ မှာ ပြထားပြီးသား ဇာတ်ကားများ၊ ဇာတ်လမ်းတွဲများကို တစ်နေရာတည်းမှာ တစုတစည်းထဲ ကြည့်ရှုနိုင်ပြီး ဇာတ်ကားများကိုပါဒေါင်းလုဒ်ဆွဲနိုင်တဲ့ App feature လေးပဲဖြစ်ပါတယ်။

**မေး -** myCANAL package မှာ CANAL+ ရဲ့ ကိုယ်ပိုင်ရုပ်သံလိုင်း ဘယ်နှလိုင်းပါသလဲ? အသေးစိတ်ကို ပြောပြပါ။

**ဖြေ -** myCANAL မှာ CANAL+ ရဲ့ကိုယ်ပိုင်ရုပ်သံလိုင်း ၈ လိုင်းပါပါတယ်။ CANAL+ ZAT LENN, CANAL+ ACTION, CANAL+ MAE MADI , CANAL+ PU TU TUE, CANAL+ CHA TATE, CANAL+ SU SANN, CANAL+ GITA, CANAL+ HA HA တို့ပဲဖြစ်ပါတယ်။

CANAL+ ZAT LENN မှာ ကိုယ်ပိုင်ဖန်တီးရိုက်ကူးထားတဲ့ အကောင်းဆုံး ဇာတ်လမ်းတွဲတွေ ဖြစ်တဲ့ TOXIC, စာမျက်နှာသစ် ဇာတ်လမ်းတွဲများအပြင် အကောင်းဆုံးသော ပြည်တွင်း နှင့် နိုင်ငံတကာ ရုပ်ရှင်များနှင့် ဇာတ်လမ်းတွဲများကို မပြတ်ပြနေတဲ့ ရုပ်သံလိုင်း ဖြစ်ပါတယ်။ (နိုင်ငံတကာရုပ်ရှင်များကို မြန်မာစာတန်းထိုး / မြန်မာနောက်ခံအသံဖြင့် ပရိုတ်သတ်များ အဆင်ပြေရန် ပြသပေးနေပါတယ်။)

CANAL+ ACTION မှာတော့ပြည်တွင်း နှင့် နိုင်ငံတကာ အကောင်းဆုံးအက်ရှင် ဇာတ်ကားတွေ၊ အက်ရှင် ဇာတ်လမ်းတွဲတွေ ကို စဉ်ဆက်မပြတ်ပြသနေပြီး တုန်လှုပ် အံ့သြ ရင်သပ် စိတ်လှုပ်ရှားမှု များကို တကယ်ပေးနေတဲ့ရုပ်သံလိုင်း ဖြစ်ပါတယ်။ (နိုင်ငံတကာ ရုပ်ရှင်များကို မြန်မာစာတန်းထိုးဖြင့်ပရိတ်သတ်များ အဆင်ပြေရန် ပြသပေးနေပါတယ်။)

CANAL+ MAE MADI မှာတော့ပျို့မေတို့နေ့စဉ် ရသမျိုးစုံ ကို ခံစား စေဖို့အချစ်၊ အမုန်း၊ ကြောက်မက်ဖွယ်၊ ဂလဲ့စားချေမှု၊ကြိုးစားရုန်းကန်မှု၊ အောင်မြင်မှု စတဲ့ ရသ တို့ကို အပီအပြင် ပေးတဲ့ ပြည်တွင်းနှင့် နိုင်ငံတကာ အကောင်းဆုံး ဇာတ်လမ်းတွဲများ ကို ပြသပေးသည့် ရုပ်သံလိုင်း ဖြစ်ပါတယ်။

CANAL+ PU TU TUE မှာတော့ကလေးတွေ နှစ်သက်သည့် ကာတွန်းကားများကို မြန်မာဘာသာ နောက်ခံစကားပြောဖြင့် ပြသပေးနေသည့် ရုပ်သံလိုင်းပါ။ အဲလစ် အုန်း နှင့် ကလေးများအတူ ရိုက်ကူး ထားသည့် WONDER KIDS အစီအစဉ်များ လည်းရှိပါတယ်။ ဒါ့ကြောင့် ကလေးများအတွက် ဗဟုသုတလည်းဖြစ်၊ ပျော်ရွှင်စေမယ့် ရုပ်သံလိုင်း ဖြစ်ပါတယ်။

CANAL+ CHA TATE မှာတော့လူငယ်တို့အကြိုက်ဖြစ်စေရန် အသေအချာ ရွေးချယ်ထားသည့် နိုင်ငံတကာမှ ဇာတ်လမ်းများ၊ ဇာတ်လမ်းတွဲများ နှင့် အခြား ဗဟုသုတနှင့် ဖျော်ဖြေရေး အစီအစဉ်များကို မြန်မာဘာသာ ဖြင့် ပြသပေးသည့် ရုပ်သံလိုင်းဖြစ်ပြီး ကိုယ်ပိုင် ဖန်တီးရိုက်ကူးထားသည့် Team Genius အစီအစဉ်ဖြစ်သည့် လူငယ်များကို ဗဟုသုတနှင့် အဖွဲ့ စိတ်ဓါတ်တိုးပွားစေသည့် အစီအစဉ်ကိုပါ ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။

CANAL+ SU SANN မှာတော့ခရီးသွားအစီအစဉ်တွေ၊ ဘဝနေထိုင်မှုပုံစံတွေ၊ ကမ္ဘာကြီးရဲ့ ဖြစ်တည်လာမှု အစဉ်အဆက်ပုံစံတွေ၊ သဘာဝတရားရဲ့ထူးဆန်းလှပမှုတွေ၊ တောရိုင်းတိရိစ္ဆာန်တွေ ရဲ့ထူးဆန်းစွာ ရှင်သန်နေထိုင်မှုတွေ၊ နေရာ ဒေသစုံက လူတွေရဲ့ ယဉ်ကျေးမှု၊ ဓလေ့ ထုံးတမ်းတွေ အဆင့်ဆင့် ဖြစ်တည်လာပုံတွေ၊ ဖြစ်ရပ်မှန် မှုခင်းရှာဖွေ စုံစမ်းမှုတွေ၊ သမိုင်းဖြစ်ရပ်မှန်တွေ၊ အင်္ဂလိပ်ဘာသာစကားကို စိတ်ဝင်တစား လေ့လာလို့ရတဲ့ အစီအစဉ်တွေကို ကြည့်ရှုနိုင် ပါတယ်။

CANAL+ GITA မှာတော့နောက်ဆုံးပေါ် မြန်မာ သီချင်းဗီဒီယို နှင့် Universal Studio ၏ နိုင်ငံတကာ သီချင်း ဗီဒီယိုတွေကို အချိန်ပြည့် ကြည့်ရှု နားဆင်နိုင်မှာပါ။

CANAL + HA HA - နေ့စဉ်မပြတ် ဟဒယရွှင်ဆေးတိုက်ကျွေးသွားမယ့် ရုပ်သံလိုင်း၊ ဇာတ်လမ်းတိုလေးများ၊ ဟာသပြဇာတ်လေးများအပြင်၊ ဟာသရုပ်ရှင်များကိုပါ မပြတ်ကြည့်ရှုရမည့် ရုပ်သံလိုင်း နာမည်ကြီး ဟာသရုပ်ဆောင်များနှင့် ဆိုရှယ်မီဒီယာပေါ်မှာ အရမ်း ပေါ်ပြူလာ ဖြစ်နေတဲ့ သရုပ်ဆောင်များဖြစ်သည့် ငြိမ်းချမ်းထက်အောင်၊ တာချီလိတ် ဂိုင်းစ် စသည်တို့နဲ့ ရိုက်ကူးထားသည့် ဟာသ ဇာတ်လမ်းတိုများလည်း ပါဝင်လို့ အမောပြေ ပျော်စေမယ့် ရုပ်သံလိုင်းပါ။

**မေး -** CANAL+ ရဲ့ကိုယ်ပိုင်လိုင်းမဟုတ်တဲ့အခြား နိုင်ငံခြားလိုင်းတွေကိုရော ကြည့်လို့ရလား?
**ဖြေ -** CANAL+ ရဲ့ကိုယ်ပိုင်လိုင်း ၈ လိုင်းအပြင်အခြားသော နိုင်ငံခြားလိုင်း ၁၀ လိုင်းဖြစ်တဲ့ HITS, COLORS RISHTEY, KBS WORLD, FIGHT BOX, AXN, BBC EARTH, ANIMAX, MTV LIVE, EGG NETWORK နဲ့ CBEEBIES တို့ကိုလည်း ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။

**မေး -** အခမဲ့ရုပ်သံလိုင်းများရော ကြည့်နိုင်သလား ?
**ဖြေ -** myCANAL Package ထဲတွင်အခမဲ့ရုပ်သံလိုင်း (၁၃) လိုင်းဖြစ်သော CHANNEL7, MRTV-4, MRTV, YTV, FORTUNE TV, 5 PLUS, Channel K, for EDU, MITV, Channel ME, MNTV, Channel 9, မဟာဗောဓိ တို့ပါဝင်ပါတယ်။

**မေး -** Package တစ်ခု သက်တမ်းကုန်သွားရင် password က အသစ်ပြောင်းသွားမှာလား?

**ဖြေ -** ဟုတ်ပါတယ်။ Package သက်တမ်းကုန်သွားရင် Voucher Code ကို ဆက်လက်အသုံးပြုလို့ မရတော့ ပါဘူး။ Package ကိုထပ်ဝယ်တဲ့အခါ Voucher Code အသစ်တစ်ခုထပ်မံရရှိမှာဖြစ်ပါတယ်။

**မေး -** myCANAL အသုံးပြုနေရင်းအခက်အခဲရှိပါက ဘယ်ကိုဆက်သွယ်ရမလဲ ?

**ဖြေ -** CANAL+ Call center number – 09969983588 သို့ ဆက်သွယ်နိုင်ပါတယ်။

**<u>စည်းကမ်းသတ်မှတ်ချက်များ</u>**

myCANAL စည်းကမ်းသတ်မှတ်ချက်များ

https://mycanal.canal-plus.com.mm/web/privacy_policy.html

ပက်ကေ့ချ်ဝယ်ယူအသုံးပြုခြင်းနှင့်ပတ်သက်သော စည်းကမ်းသတ်မှတ်ချက်များ

https://mycanal.canal-plus.com.mm/web/Standard_Terms_Conditions.html